ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်

ညောင်တုန်းမြို့နယ်

# စက္ကော့ဆောင်ကျေးရွာအုပ်စု၊ ဘုတ်ဆုံချောင်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာတမ်း (၂၀၂၄-၂၀၂၅)

(ကျေးရွာ၏လက်ရှိအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညောင်တုန်းမြို့နယ်မှ

ကူညီရေးဆွဲသည်)

၂၀၂၄၊ စက်တင်ဘာ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃-၄ |
| | **ဘုတ်ဆုံချောင်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ညောင်တုန်းမြို့နယ်** | ၅ |
| | **အုန်းပင်စုကျေးရွာ ရာသီခွင်ပြပြက္ခဒိန် ညောင်တုန်းမြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၇ |
| ၃။ | **ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** | ၇ |
| ၄။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇-၈ |
| ၅။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈-၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉-၁၀ |
| ၆။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀-၁၁ |
| ၇။ | **ပညာရေး** | ၁၁ |
| ၈။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁-၁၂ |
| ၉။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၂-၁၃ |
| ၁၀။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၁။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၄ |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ အဆင့်သတ်မှတ်ခြင်း | |
| | နောက်ဆက်တွဲ (၅) အကောင်ထည်ဖော်ဆောင်ရွက်မည့်ကာလသတ်မှတ်ခြင်း | |
| | နောက်ဆက်တွဲ (၆) စီမံကိန်းအဆိုပြုလွှာ။ | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေး ကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြ သော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံး လုပ်နည်း များကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေး လမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ် ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာန ဆိုင်ရာများမှရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၄ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုတ်ဆုံချောင်းကျေးရွာ၊ညောင်တုန်းမြို့နယ်

**ညောင်တုန်းမြို့နယ်၊** စက္ကေတောင်ကျေးရွာ**အုပ်စု၊ ဘုတ်ဆုံချောင်းကျေးရွာ၏ သယံဇာတပြမြေပုံ**



## ညောင်တုန်းမြို့နယ်၊ စက္ကေ့တောင်ကျေးရွာအုပ်စု၊ ဘုတ်ဆုံချောင်းကျေးရွာ၏ ရာသီ



| စဉ် | လုပ်ငန်း | ဧပြီ<br>တန်ခူး | မေ<br>ကဆုန် | ဇွန်<br>နယုန် | ဇူလိုင်<br>ဝါဆို | ဩဂုတ်<br>ဝါခေါင် | စက်တင်ဘာ<br>တော်သလင်း | အောက်တိုဘာ<br>သီတင်းကျွတ် | နိုဝင်ဘာ<br>တန်ဆောင်မုန်း | ဒီဇင်ဘာ<br>နတ်တော် | ဇန်နဝါရီ<br>ပြာသို | ဖေဖော်ဝါရီ<br>တပို့တွဲ | မတ်<br>တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု | | | | | | | | | | | | |
| ၂။ | ပွဲတော်များ | သင်္ကြန် | - | - | ဝါဆို | - | - | မီးထွန်းပွဲ | ကထိန် | - | - | ထမနဲ | - |
| ၃။ | လယ်ယာလုပ်ငန်း | နွေစပါး စိုက်ချိန် | နွေစပါး သိမ်းချိန် | မိုးစပါး စိုက်ချိန် | မိုးစပါး | မိုးစပါး | မိုးစပါး သိမ်းချိန် | မိုးစပါး သိမ်းချိန် | ပဲ စိုက်ချိန် | ပဲ စိုက်ချိန် | နွေစပါး စိုက်ချိန် | ပဲ သိမ်းချိန် | နွေစပါး |
| ၄။ | ရေလုပ်ငန်း | - | - | - | ပိုက်ချ မြုံးထောင် | ပိုက်ချ မြုံးထောင် | ပိုက်ချ မြုံးထောင် | - | - | - | - | - | - |
| ၅။ | ကျပန်း/ဆောက် | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| ၆။ | ဝမ်းသာမှုပုံစံ | | | | | | | | | | | | |
| ၇။ | စိုက်ပျိုးရေး/မွေးမြူရေး ရောဂါကျရောက်မှု | — | ကြက် ရောဂါ | ကြက် ရောဂါ | — | — | — | — | ပဲ ဖျက်ပိုး | ပဲ ဖျက်ပိုး | စပါး ဖျက်ပိုး | — | — |
| ၈။ | သဘာဝဘေး အန္တရာယ် | — | — | — | — | — | — | — | — | — | — | — | — |

### ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ညောင်တုန်းမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၅ မိနစ် မှ ၁၇ ဒီဂရီ ၅၅ မိနစ် နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် မှ ၉၅ ဒီဂရီ ၅၅ မိနစ် ကြားတွင်တည်ရှိပါသည်။ အကျယ် အဝန်း အားဖြင့် (၃၄၈.၂၃)စတုရန်းမိုင် (၂၂၂၈၆၈ ဧက)ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၂၂.၃)မိုင်၊ တောင်မှ မြောက်သို့(၂၃.၀)မိုင် ရှည်လျားပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၂၀)ပေ အထက်တွင်

တည်ရှိပြီး မြစ်ဝကျွန်းပေါ်မြေပြန့် ဒေသဖြစ်ပါသည်။ ချောင်း၊ မြောင်း၊ အင်း၊ အိုင်များ ပေါများပြီး ရော ဝတီမြစ်၊ ပန်းလှိုင်မြစ်နှင့် ဘောလယ်မြစ်များတည်ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် အရှေ့ဘက်တွင် ထန်းတပင်မြို့နယ်နှင့် တွံတေးမြို့နယ်၊ အနောက် ဘက်တွင် ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့နယ်၊ တောင်ဘက်တွင် တွံ့တေးမြို့နယ်နှင့်မအူပင်မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ ထိစပ်လျက်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ညောင်တုန်းမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသော ဒေသဖြစ်ပါသည်။ ဧပြီလတွင် အမြင့်ဆုံးအပူချိန်မှာ ၄၀ ဒီဂရီ စင်တီဂရိတ်ဖြစ်ပြီး အနိမ့်ဆုံးအပူချိန် မှာ ၁၂ ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရွာသည့်ရက်မှာ (၁၀၈)ရက်ဖြစ်ပြီး ပျမ်းမျှ မိုးရေ ချိန်မှာ (၉၄.၉၈)လက်မ ဖြစ်ပါသည်။မိုးရွာသွန်းမှု အများဆုံးကာလမှာ ဇူလိုင်လနှင့် ဩဂုတ်လ များဖြစ်ပါ သည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ညောင်တုန်းမြို့နယ်၊ စက္ကော့တောင်ကျေးရွာအုပ်စု၊ ဘုတ်ဆုံချောင်းကျေးရွာတွင် အိမ်ထောင်စု (၉၄)စုရှိ ကျား (၁၆၂)ဦး၊ မ(၁၈၀)ဦး၊ စုစုပေါင်းလူဦးရေ (၃၄၂)ဦးရှိပြီး (၁)အိမ်ထောင်လျှင်ပျမ်းမျှ လူဦးရေ (၃.၆)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၇၄%)ဖြစ်ပြီး လုပ်သားအင်အားရရှိမှုများပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေး ဝမ်းကျောင်း ကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင် လုပ်ငန်းများ ထူထောင် ပေးနိုင်မည်ဆို အမျိုးသမီးအလုပ်လုပ်နိုင်သောလူဦးရေမှာ အနည်းငယ်များနေပါသည်။ အသက် (၆၄) နှစ် နှင့်အထက် သက်ကြီးရွယ်အိုလူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏(၁၄%)ရှိပြီး ကျန်းမာရေးမှာအသင့်အတင့် ကောင်းမွန်ကြပါသည်။ မူလတန်းကျောင်းသားအရွယ်နှင့် (၅)နှစ်အောက် ကလေးငယ် လူဦးရေမှာ (၁၁%)သာရှိသောကြောင့် ကျောင်းနေအရွယ်ကလေးငယ်များ အသင့်အတင့်သာ ရှိပါသည်။ မူလတန်းနှင့် အလယ်တန်းအဆင့် ပြီးမြောက်သူ အများအပြားရှိကြပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ညောင်တုန်းမြို့နယ်၊ စက္ကော့တောင်ကျေးရွာအုပ်စု၊ ဘုတ်ဆုံချောင်းကျေးရွာတွင် လူမှုရေးအသင်း အဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ် ဘက်လူမှု အဖွဲ့အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့်လုပ်ငန်းများ ချိတ်ဆက်

ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟုဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ ဩဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုး အဖွဲ့လိုက် ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ သို့ပါသော်လည်း ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်သက်သောအသိအမြင် ဗဟုသုတများ အပိုင်း (ဥပမာ- အဖွဲ့ အစည်းများဆိုင်ရာသဘောတရားများ)တွင် လိုအပ်ချက်များ ရှိနေသေးလျက်ရှိပါသည်။ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ရွက်မှုများကြောင့် ကျေးရွာလယ်လမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းအားအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်မှာ ကျေးရွာပြည်သူထု၏ တက်ကြွသောစိတ်ဓါတ်၊ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများမှာ ထင်ရှားပေါ်လွင်နေပါသည်။ ယခု ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်သည့် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း၏ ကုန်ကျငွေများသည် ကျေးရွာထည့်ဝင်ငွေဖြင့် လုံလောက်မှုမရှိသောကြောင့် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် လုပ်ငန်းပြီးစီးသည်အထိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏အကူအညီ၊ မြို့နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာ ဖြင့် အောင်မြင်စွာပူးပေါင်းဆောင်ရွက်နိုင်သောကျေးရွာဖြစ်ပါသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ညောင်တုန်းမြို့နယ်၊ စက္ကေ့တောင်ကျေးရွာအုပ်စု၊ ဘုတ်ဆုံချောင်းကျေးရွာတွင် လယ်မြေ ပိုင်ဆိုင်မှုအသင့်အတင့်နှင့်ကိုင်းမြေအနည်းငယ် ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ ကျေးရွာရှိအိမ်ထောင်စု၏ (၄၅%)ရှိပါသည်။ ကျေးရွာတွင် လယ်မြေ ဧက (၂၃၄)ဧက ရှိပြီး စပါး၊ မတ်ပဲ၊ ငရုပ်၊ ကွမ်းနှင့် အခြားရာသီ အလိုက်သီးနှံများ စိုက်ပျိုးကြပါသည်။ လယ်မြေ(၂၁၄)ဧကနှင့်ကိုင်းမြေ(၂၀)ဧကစိုက်ပျိုး လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး သွင်းအားစုများ၊ နည်းပညာ ဝန်ဆောင်မှုများ အနည်းငယ်ရရှိပြီး၊ ကွမ်း၊ ငရုပ်နှင့် အခြားသောရာသီသီးနှံများ စိုက်ပျိုး ချိန်တွင် အဝီစိ တွင်းမှရေတင် စိုက်ပျိုးကြကာ လယ်မြေများတွင် နွေစပါးကို အဝီစိတွင်းနှင့် အင်းမြောင်း များမှရေတင်စိုက်ပျိုးကြပါသည်။ ကိုင်းမြေများတွင် ဧရာဝတီမြစ်ရေအသုံးပြု စိုက်ပျိုးကြ ပါသည်။ အဟန့်အတားအနေဖြင့် စိုက်ပျိုးမြေတိုးချဲ့ရနိုင်မှုမရှိခြင်း၊ အလုပ်သမား စရိတ် ကြီးမြင့်ခြင်း၊ ဖျက်ပိုးများ ကျရောက်တတ်ခြင်း၊ သွင်းအားစုကုန်ဈေးနှုန်းများမြင့်မား လာခြင်း၊ ငွေကြေးအရင်းအနှီး လိုသလောက် မရရှိနိုင်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ သီးနှံအထွက်နှုန်းများတွင် စပါးအထွက်နှုန်းမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ရောင်းချ

ချိန်တွင် စျေးကွက်မတည်မငြိမ် ဖြစ်ပေါ်ခြင်းနှင့် အဆင့်ဆင့် သယ်ယူပို့ဆောင်ရခြင်းများကြောင့် အကျိုးအမြတ်ရရှိမှုမှာလည်း နည်းပါးပါသည်။ ကျေးရွာ၏အခြေအနေကောင်းတစ်ရပ်အနေဖြင့် စိုက်ပျိုးသီးနှံထုတ်ကုန်များကိုရောင်းချရန် စျေးကွက် အလုံအလောက်မရှိသော်လည်း ဝယ်ယူရောင်းချသူများ ရှိသောကြောင့် ကောင်းမွန်သောစျေးကွက်သို့ အချိန်မီပေးပို့နိုင်သော အခြေအနေရှိပါသည်။ သီးနှံသယ်ယူပို့ဆောင်ရေးမှာလဲ အသင့်အတင့် ကောင်းမွန်သောကြောင့် စျေးကွက်သို့အချိန်မီပို့ဆောင်နိုင်သော အခြေအနေရှိပါသည်။ ညောင်တုန်း-ဓနုဖြူ ကားလမ်းဘေးဝဲယာတွင် တည်ရှိသော ကျေးရွာဖြစ်သည့်အတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးတွင် ကောင်းမွန်သည့် ကျေးရွာဖြစ်ပါသည်။ လယ်ယာ မြေများမှ ထုတ်လုပ်ရရှိသော ကုန်စည်များအားစျေးကွက် အတွင်းသို့ အချိန်မီ သယ်ယူ ပို့ဆောင်နိုင်သောအခြေအနေဖြစ်ပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

**ဘုတ်ဆုံချောင်းကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ**

| စဉ် | ကျေးရွာ | နွား | မြင်း | ဝက် | ဆိတ် | ကြက် | ဘဲ | ကျွဲ |
|---|---|---|---|---|---|---|---|---|
| ၁ | ဘုတ်ဆုံချောင်း | - | - | - | - | ၁၅၀ | - | - |

ညောင်တုန်းမြို့နယ်၊ ဘုတ်ဆုံချောင်းကျေးရွာတွင် ဒေသကြက် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင်အိမ်တွင် မွေးမြူသည့်အိမ်ထောင်စု အနည်းငယ်သာရှိပြီး၊ စီးပွားဖြစ်မွေးမြူသူမရှိကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင်အိမ်ထောင်စုအားလုံး၏ တစ်ပိုင်တစ်နိုင် တိရိစ္ဆာန်မွေးမြူသည့် အိမ်ထောင်စုမှာ (၉%) ခန့်ရှိပြီး ဆိတ်၊ နွားမွေးမြူရေး လုပ်ငန်းများအတွက် စားကျက်မြေ သီးသန့်မရှိပါ။ စီးပွားဖြစ်မွေးမြူနိုင်သောအခြေအနေကောင်းများရှိသော်လည်းမွေးမြူရေးဆိုင်ရာ အသိပညာနှင့်နည်းပညာဝန်ဆောင်မှုများ လိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်ပါသည်။ မွေးမြူသည့်အခါ တိရိစ္ဆာန်ကျန်းမာရေးအသိပညာနည်းပါးပြီး သာမန်အစာများ သာကျွေးမွေးနိုင်သောကြောင့် တိရိစ္ဆာန်အစာများအတွက် ကျွေးမွေးမှု နည်းပညာ၊ တိရစ္ဆာန်ရေတိုက်ကျွေးမှုနည်းပညာလည်း လိုအပ်လျက်ရှိပါသည်။ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာပေးသင်တန်းဖွင့် လှစ်မည်ဆိုပါက မွေးမြူရေးလုပ်ငန်းအား စိတ်ပါဝင်စားသူများအတွက် ကောင်းမွန်သောအခွင့်အလမ်းရှိကြောင်း တွေ့ရှိရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ညောင်တုန်းမြို့နယ်၊ ဘုတ်ဆုံချောင်းကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းအဖြစ် လုပ်ကိုင် ဆောင်ရွက်ခြင်းမရှိကြောင်းတွေ့ရပါသည်။ အခြားဝင်ငွေရ လုပ်ငန်းများအဖြစ် အစိုးရ ဝန်ထမ်းများ၊ အခြားဝင်ငွေရလုပ်ငန်းများတွင် နေ့စားအဖြစ် သွားရောက် လုပ်ကိုင်ရခြင်း၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ ဆိုင်ကယ်ကယ်ရီ၊ ဈေးဆိုင်၊ အပ်ချုပ်စက်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြပါသည်။ အသက်မွေးဝမ်းကျောင်း အတတ်ပညာတတ်မြောက်မှု နည်းပါးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အခက်အခဲများ ရှိနေကြပါသည်။ ပြည်တွင်း/ပြည်ပသွားရောက် လုပ်ကိုင်သူများလည်း ရှိပါသည်။ ကျေးရွာနှင့် မြို့ပေါ်လမ်းပန်းဆက်သွယ်ရေး ကုန်းလမ်းနှင့် ရေလမ်းအဖြစ် မြစ်ကြောင်းဖြတ်ကူးရခြင်း၊ ကုန်းလမ်းအတွက် ရောဝတီမြစ်အားဖြတ်ကူးသည့် ဗိုလ်မြတ်ထွန်းတံတား၊ ရောဝတီတံတား(ညောင်တုန်း)တည်ဆောက်ထားခြင်းကြောင့် ကုန်းလမ်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ပါသည်။ လျှပ်စစ်မီးရရှိရန်အတွက် သက်ဆိုင်ရာဌာနသို့ တင်ပြထားသော်လည်း သက်ဆိုင်ဌာန၏သွယ်တန်းခွင့်ပြုမိန့် မရရှိသဖြင့် ဆိုလာနှင့် ဘက္ထရီမီးချောင်းကိုသာ အသုံးပြုရသောကြောင့် တစ်ပိုင်တစ်နိုင် ထုတ်ကုန် လုပ်ငန်းများထုတ်လုပ်ရန် အခက်အခဲ တစ်ရပ်ပင် ဖြစ်ပါသည်။ နယ်မြေလုံခြုံမှုရှိပြီး လွတ်လပ်စွာ သွားလာရောင်းဝယ် နိုင်ပြီး လမ်းပန်းဆက်သွယ်ရေးမှာ ရာသီမရွေး သွားလာနိုင်ပါသည်။ ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြရပါသည်။ အခြေခံအိမ်ထောင်စုများအတွက် အလုပ်အကိုင်အခွင့်အလမ်းဆောင်ရွက်ပေးနိုင်မည်ဆိုပါက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူ ဖြစ်စေပါသည်။ အခြေခံအိမ်ထောင်စုများသည် ကုန်ဈေးနှုန်းမြင့်မားလာမှုကြောင့် အိမ်ထောင်စုများအတွက် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရေးအတွက် ငွေကြေးအရင်းအနှီး၊ လုပ်ကိုင်သည့်နည်းပညာများ ထောက်ပံ့ပေးရန် လိုအပ်သောအခြေအနေဖြစ်ပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ညောင်တုန်းမြို့နယ်၊ ဘုတ်ဆုံချောင်းကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများသာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ဘဏ်ချေးငွေများရရှိနိုင်ပါသည်။ အဖွဲ့လိုက်ငွေစု/ငွေချေးအစီအစဉ်ဖြင့်ငွေချေး စနစ်ရှိပြီး အတိုးနှုန်းမှာ (၁%)မှ(၂%) ဖြင့်ချေးယူ

နိုင်ကြသည်။ ငွေချေးပေးသူများထံမှ တစ်လလျှင် အတိုးနှုန်း(၅%မှ၁၀%)အထက်ဖြင့် ချေးယူကြရသူများလည်း ရှိကြပါသည်။ တစ်လလျှင်ချေးငွေလိုအပ်မှု အနေအထားမှာ ယေဘုယျအားဖြင့် မြင့်မားသည့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး ဘဏ်များအနေဖြင့် လည်း ကျေးရွာအရောက် ဝန်ဆောင်ပေးမှုများမှာလည်း မရှိသလောက် အားနည်း နေဆဲ ဖြစ်သလို ကျေးရွာနေပြည်သူအများစုမှာ ကျေးရွာမှကိုယ်ထူကိုယ်ထဆောင်ရွက်ထားသော ကျေးရွာရန်ပုံငွေအဖွဲ့မှ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရရှိနေပါ သော်လည်း လိုအပ်ချက်များရှိနေဆဲ ဖြစ်ပါသည်။ ကျေးရွာအတွင်းရှိငွေချေးသူများထံမှလည်း ချေးငွေ ချေးယူနိုင်ပါသည်။ ကုန်ဈေးနှုန်း မြင့်မားလာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုများနေဆဲပင် ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင်လည်း သွင်းအားစု ပိုမိုသုံးစွဲလာသည် နှင့်အမျှငွေကြေးလိုအပ်မှုမြင့်မားနေဆဲပင်ဖြစ်ပါသည်။ နိုင်ငံတော်မှ အတိုးနှုန်းသက်သာ သောချေးငွေစီမံကိန်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ရရှိပါက ကျေးရွာ၏ ငွေကြေးလိုအပ်မှု ကျဉ်းမြောင်းလာကာ စီးပွားဖြစ် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ အတွက် ချေးငွေများ လိုအပ်မှုလျှော့ချနိုင်မည်ဖြစ်ပါသည်။

## ၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ညောင်တုန်းမြို့နယ်၊ ဘုတ်ဆုံချောင်းကျေးရွာသည် လယ်ယာထွက်ကုန်ဖြစ်သော စပါး များအား ကျေးရွာနှင့်(၁၅)မိုင်ခန့်ဝေးသော ညောင်တုန်းမြို့ဈေးကွက်နှင့် (၁၄)မိုင်ခန့် ဓနုဖြူမြို့ အနီးရှိဆန်စက်များသို့ ပေးပို့ရောင်းချနိုင်သောဈေးကွက် အလုံအလောက် ရှိပါသည်။ ကုန်စိမ်းနှင့်သားငါးများဝယ်ယူနိုင်ရန်အတွက် ကျေးရွာနှင့်(၁)မိုင်ခန့် ကွာဝေးသော စက္ကော့ကျေးရွာရှိဈေးတွင် အလွယ်တကူ ဝယ်ယူနိုင်ပြီး၊ ပန်းတနော် မြို့၊ ဓနုဖြူမြို့၊ ညောင်တုန်းမြို့နှင့်ရန်ကုန်မြို့များတွင် အခြားသော လူသုံးကုန်ပစ္စည်း များအား ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊ ထော်လာဂျီနှင့် ကားများဖြင့် သော်လည်း ကောင်း သယ်ယူပို့ဆောင်နိုင်ပါသည်။ ကျေးရွာတွင် အသုံးပြုမှု အများဆုံး သယ်ယူပို့ ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီ အသုံးပြုကြပါသည်။ ကျေးရွာ သည် ဓနုဖြူ-ညောင်တုန်းကားလမ်းမဘေး ဝဲ/ယာတွင် ရှိပြီး လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာ ကုန်းလမ်းကိုအဓိကထား အသုံးပြုနိုင်ပါသည်။ ရောဝတီမြစ်တစ်ဖက်

ကမ်းသို့ စကျော့ကျေးရွာမှတစ်ဆင့် စက်လှေဖြင့်ကူး၍ ညောင်တုန်းမြို့သို့သွားရသော ကျေးရွာဖြစ်သောကြောင့် ရေလမ်းကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ကားလမ်းမကြီးကို ကျေးရွာ ချင်းဆက်လမ်းအဖြစ် အသုံးပြုကြရသောကြောင့် ကျေးရွာ၏ အဓိက ထုတ်ကုန် ဖြစ်သော စပါး၊ ပဲ၊ ကွမ်းစသည့် ထုတ်ကုန်များ၊ အခြားသောကုန်ပစ္စည်းများကို ဈေးကွက်သို့ အချိန်မီ သယ်ယူပို့ဆောင်နိုင်ပါသည်။ ကွမ်းစိုက်ပျိုးရေးအား ရာသီမရွေး စိုက်ပျိုးသည့်အတွက် နေ့စားလုပ်ကိုင်ကြသော အမျိုးသမီးလုပ်သားများအတွက် ပုံမှန် ဝင်ငွေ ရရှိသောကြောင့် အခြေခံအိမ်ထောင်စုများအတွက် စားဝတ်နေရေးအဆင်ပြေစေပါသည်။

**(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး**

ညောင်တုန်းမြို့နယ်၊ စကျော့တောင်ကျေးရွာအုပ်စု၊ ဘုတ်ဆုံချောင်းကျေးရွာတွင် လျှပ်စစ်မီး အသုံးပြုနိုင်ရန်အတွက် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာ ထောက်ပံ့မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေကြေးထောက်ပံ့မှုတို့ဖြင့် ကျေးရွာအတွင်းလျှပ်စစ်မီး သုံးစွဲနိုင်သော အခြေအနေဖြစ်ပါသည်။ နိုင်ငံတော်ထောက်ပံ့ ငွေနှင့် ပြည်သူထည့်ဝင်ငွေဖြင့် ပူးပေါင်းဆောင်ရွက်ကာ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိပြီး ပညာရေး၊ ကျန်းမာရေး၊ အသေးစား ထုတ်ကုန်လုပ်ငန်းနှင့် လူမှုစီးပွားဖွံ့ဖြိုးမှု လုပ်ငန်းများကို တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်မည့် အခြေအနေဖြစ်ပါသည်။ ကျေးရွာတွင် ယခင်ကဆိုလာမီးလင်းရေး စနစ်ကိုအိမ်ထောင်စုအများဆုံး အသုံးပြုကြပြီး ငွေကြေး အဆင်ပြေသော အိမ်ထောင်စု များသည် ဒီဇယ်၊ ဓါတ်ဆီ စက်များ အသုံးပြုကြပြီး ဆင်းရဲသောအိမ်ထောင်စုများသည် ဘက္ထရီမီးချောင်းကိုသာအသုံးပြုကြရပါသည်။

**(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ**

ညောင်တုန်းမြို့နယ်၊ ဘုတ်ဆုံချောင်းကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက်လက် နည်း ပညာနှင့် ပတ်သက်၍ အိမ်ထောင်စုတိုင်း တယ်လီဖုန်း၊ Radio, TV, စလောင်းများ အများအပြား အသုံးပြုလျက်ရှိပါသည်။ ကျေးရွာအနီး ပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ် ရေးတာဝါတိုင်များတည်ရှိသဖြင့် ကျေးရွာသူ/သားများမှာ ကြိုးမဲ့ဆက်သွယ်ရေး ဆင်းကဒ်များ ဖြစ်သော MPT, Ooredoo, Atom, Mytel (၄)မျိုးစလုံး အသုံးပြုနိုင်ပြီး စီးပွားရေး အနေဖြင့် ဈေးကွက်များနှင့် သတင်းအချက် အလက်များအား အချိန်နှင့်

တပြေးညီရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတများနှင့် နည်းပညာဆိုင်ရာ အချက် အလက်များကိုလည်း လျင်မြန်လွယ်ကူစွာ ရရှိနိုင်ပါသည်။ Wifi အင်တာနက်လိုင်း များဆောင်ရွက်ပေးနိုင်ပါက ကျေးရွာရှိလူငယ်များသည် အသိပညာဖွံ့ဖြိုးတိုးတက်စေရန် အတွက် စျေးနှုန်းသက်သာစွာဖြင့် အင်တာနက်ဖြင့် လေ့လာသင်ယူနိုင်မည်ဖြစ်ပါသည်။ ကျေးရွာတွင် အသုံးပြုသော လက်ကိုင်ဖုန်းများသည် အင်တာနက် အသုံးပြုနိုင်သဖြင့် လိုအပ်သောသတင်းအချက်အလက်များအား အလွယ်တကူရယူနိုင်ပါသည်။

## ၇။ ပညာရေး

ညောင်တုန်းမြို့နယ်၊ ဘုတ်ဆုံချောင်းကျေးရွာတွင် စာသင်ကျောင်း မရှိသည့်အတွက် ကျေးရွာနှင့်(၁.၅)မိုင်ခန့်ကွာဝေးသော ထော်ကလို့ကျေးရွာစာသင်ကျောင်းနှင့် ကလေးအများစုမှာ စက္ကော့ကျေးရွာရှိအထက်တန်းသင်ကျောင်းသို့ ပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူကြရပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှု အစီအစဉ်မှာလည်း ကျောင်းကော်မတီ များမှ အလျဉ်းသင့်သလိုဆောင်ရွက်ပေးပါသည်။ ကျောင်းသုံးပရိဘောဂများ လုံလောက်မှု ရှိပြီး ကျောင်းအိမ်သာအခြေအနေသည်ကောင်းမွန်သောကြောင့် ကျောင်းသား/ သူများ အတွက် ကောင်းမွန်စွာကျောင်းပညာ သင်ယူနိုင်ပါသည်။ ဆရာတပည့်အချိုး လုံလောက်မှု ရှိသောကြောင့် ပညာရေးဝန်ထမ်းအင်အားလုံလောက်မှုရှိပါသည်။ မသန်စွမ်းသူများ အတွက် ပညာရေးအထူးအစီအစဉ် ဆောင်ရွက်ထားမရှိကြောင်း တွေ့ရပါသည်။ အတန်းပညာပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်နည်းပါးပြီး အလုပ်လုပ်နိုင်သည့်အရွယ် များသောကြောင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသားအရင်းအမြစ်တစ်ရပ်ပင်ဖြစ်ပါသည်။ လူငယ်များမှာ အလုပ်အကိုင် ရှားပါးမှုနှင့် အသက်မွေးဝမ်းကျောင်းနည်းပညာ အားနည်းခြင်းများကြောင့် သင်တန်းများ ပို့ချပေးပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ရင်းနှီးငွေ / ချေးငွေများ ပံ့ပိုးပေးပြီး နောက် လုပ်ငန်းများဖွင့်လှစ်ဆောင်ရွက်ပါက ဝင်ငွေအသင့်အတင့် ရလာနိုင် မည်ဖြစ်ပါသည်။

## ၈။ ကျန်းမာရေး

### (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ညောင်တုန်းမြို့နယ်၊ ဘုတ်ဆုံချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော်လည်း ကျန်းမာရေး မကောင်းလျှင်ဖြစ်စေ၊ အရေးပေါ်လူနာများရှိခဲ့လျှင်ဖြစ်စေ နီးစပ်ရာ

စကြော့ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနသို့ ကျန်းမာရေး စောင့်ရှောက်မှု ခံယူကြရပါသည်။ အရေးကြီးလူနာနှင့် ရောဂါကြီးများအား မြို့နယ်ဆေးရုံ (သို့မဟုတ်) ရန်ကုန်မြို့ရှိ ပုဂ္ဂလိက ဆေးရုံနှင့် အစိုးရဆေးရုံများသို့ သွားရောက် ကုသကြရပါသည်။ ကျေးလက်နေပြည်သူများအကြားဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါများသည် ရာသီအလိုက်ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ဖြစ်ပွားရသော အကြောင်းအရင်းများကို ဖော်ထုတ်ဖယ်ရှားပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့အား စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသင့်ပါသည်။ ကျန်းမာရေးဦးစီးဌာနမှလည်း သတ်မှတ်အရွယ်ရောက်သူတိုင်းအား သတ်မှတ်ကာလများတွင် ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက် ထိုးနှံပေးလျက်ရှိပါသည်။

## (ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ညောင်တုန်းမြို့နယ်၊ ဘုတ်ဆုံကျေးရွာတွင် အိမ်ထောင်စုအားလုံးသည် သောက်ရေ/ သုံးရေအတွက် တစ်နှစ်ပတ်လုံးအဝီစိတွင်းရေကိုသာ သုံးစွဲကြရပြီး မြစ်ရေသုံးစွဲများလည်းရှိကြောင်းတွေ့ရပါသည်။ ရေလုံလောက်မှုရှိသော်လည်း ရေအရည်အသွေးစစ်ဆေးထားမှုမရှိသောရေကိုသာ သောက်သုံးကြရပါသည်။ ရေအရည်အသွေး စစ်ဆေးနိုင်ပါက ကျန်းမာရေးအတွက် အဆင်ပြေမည်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ အဝီစိတွင်းနက်ဆောင်ရွက်ထားရှိမှုကြောင့် သောက်သုံးရေဖူလုံစွာရရှိသောကျေးရွာ ဖြစ်ပါသည်။ ကျေးရွာသဘာဝပတ်ဝန်းကျင်နှင့်ကျန်းမာသန့်ရှင်းရေးပိုင်းတွင် ကျေးလက် ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ (၁၀၀%) ရှိသဖြင့် ကျေးရွာသူ/သားများ အနေဖြင့် ကျန်းမာရေးဆိုင်ရာအသိပညာအသင့်အတင့်ရှိကြောင်းနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဆိုင်ရာ ကျန်းမာရေးအသိပညာရှိကျေးရွာတစ်ရွာဖြစ်ကြောင်းတွေ့ရပါသည်။ ကျေးလက်ဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းထားရှိပြီး စွန့်ပစ်အမှိုက် များအား လစဉ် (သို့မဟုတ်)အပတ်စဉ်စုဆောင်းစွန့်ပစ်မှုများလည်းဆောင်ရွက်ကြပါသည်။

# ၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

## (က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

ညောင်တုန်းမြို့နယ်၊ ဘုတ်ဆုံချောင်းကျေးရွာတွင် မြေဆီလွှာအနေအထားမှာ လယ်မြေအမျိုးအစားဖြစ်ပါသည်။ ကျေးလက်ဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် စွန့်ပစ်ပစ္စည်းများ စီမံ

ခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိပ်ခွံ၊ ဘူးခွံများကို စနစ် တကျစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အန္တရာယ်ရှိမှုအတွက် စိုးရိမ် စရာမရှိကြောင်း တွေ့ရပါသည်။ အမှိုက်များအားစနစ်တကျ စွန့်ပစ်ရန်မြေနေရာ သတ်မှတ် ထားသဖြင့် အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် သန့်ရှင်းသာယာလှပသောကျေးရွာတစ်ရွာ ဖြစ်ပေါ်စေပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် ငါးမျိုး ကွဲများ၊ ရှားပါး တိရိစ္ဆာန်များမရှိပါ။ တိရိစ္ဆာန်များနှင့် သဘာဝသယံဇာတများသည် ယခင်မူလအတိုင်း တည်ရှိနေဆဲ ဖြစ်ပါသည်။

**(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း**

ညောင်တုန်းမြို့နယ်၊ ဘုတ်ဆုံချောင်းကျေးရွာသည် ဧရာဝတီမြစ်နံဘေးတွင် တည်ရှိသောကျေးရွာဖြစ်သည့်အတွက် မြစ်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး တာတမံများ ကျိုးပေါက်ပါက လယ်ကွင်းရေကြီးမှုများဖြစ်ပေါ်လာနိုင်ပါသည်။ ထိုအခါ စပါး စိုက်ပျိုး သီးနှံများအတွက် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်ပါသည်။ မြန်မာနိုင်ငံ၏ မြစ်ဝ ကျွန်းပေါ်ဒေသတွင် ကျရောက်သော ကျေးရွာဖြစ်သည့်အလျောက် မိုးရွာသွန်းမှုများခြင်း ဖြစ်ပေါ်ပြီး မိုးရေကြီးမှုဖြစ်သော်လည်း ပျက်ဆီးဆုံးရှုံးမှုမရှိပါ။ လူထု အခြေပြုသဘာဝ ဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်များ ဆောင်ရွက်နိုင်မှု မရှိသေးပါ။ ကျေးရွာသည် တရားဥပဒေ စိုးမိုးမှုရှိပြီး ကျေးရွာတည်ငြိမ်အေးချမ်းမှု ရှိသောကြောင့် ကုန်စည် ကူးသန်းရောင်းဝယ် မှုမှာ အဆင်ပြေချောမွေ့လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် လေထုညစ်ညမ်းမှုများမဖြစ်ပေါ်စေရေးနှင့် ရာသီဥတုညီမျှစေရန်အတွက် အရိပ်ရပင်များစိုက်ပျိုးသင့်ပါသည်။ မှုခင်းများကာကွယ် တားဆီး ရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မှုခင်းကျဆင်းရေး ပညာပေးဟောပြော ပွဲများအား အခါသင့် သလိုဟောပြောပြုလုပ်ပေးပါက တရားဥပဒေ စိုးမိုးရေး အတွက်ပို မိုထိရောက်စေ ပါသည်။ မှုခင်းဖြစ်ပွားရှိခဲ့လျှင် အချိန်မီတိုင်ကြား ဖြေရှင်းနိုင်ရန် အတွက် ကျေးရွာ အနီးတွင် ရဲကင်းတစ်ခုဆောင်ရွက်ပေးပါက မှုခင်းကွယ်တားဆီးရေးအတွက် ပိုမို ကောင်းမွန်မည် ဖြစ်ပါသည်။

## ၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ညောင်တုန်းမြို့နယ်၊ ဘုတ်ဆုံချောင်းကျေးရွာအတွင်းရှိ မိဘများသည် သားသမီးများကို ပညာသင်ကြားမှု အပိုင်းတွင် ကျားဖြစ်ခြင်း မဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူ ပညာသင်ကြားခွင့်ရှိကြပါသည်။ မိသားစုစားဝတ်နေရေးအခြေအနေအလိုက်သာ ပညာသင်ကြား

ခွင့်ကို သက်ရောက်မှု ရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမ တန်းတူအခွင့်အရေး ရရှိပါသော်လည်း နေ့စားလုပ်အားခ သတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်း အကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းနှင့် ကျေးရွာသာရေးနာရေးကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက် ကြွကြွ ပါဝင် လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေး ဆောင်ရွက်မှု များကြသဖြင့် ကျေးရွာ အုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု အားနည်း သော်လည်း ကျေးရွာဖွံ့ဖြိုးမှု သင်တန်းတက်ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူအခွင့်အရေး ပေးပြီး ဖိတ်ကြားခဲ့ကြပါသည်။ ကျေးလက်နေလူထု၏ အလုပ်လုပ် နိုင်သောအင်အားမှာ အမျိုးသမီးများ ဖြစ်ကြပြီး၊ ထိုအမျိုးသမီးထု၏ စွမ်းပကားကို လေ့ကျင့်တိုးမြှင့်ပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး ကဏ္ဍအတွက် အထောက်အပံ့ဖြစ်စေပါမည်။ ကျားမဆိုင်ရာတန်းတူညီမျှမှု ကိစ္စရပ်များအတွက် မိသားစုနှင့် ကျေးလက်လူထုအတွင်း အသိပညာပေးခြင်းများ တိုးမြှင့် ဆောင်ရွက် ပေးသင့်ပါသည်။ ထိုမှသာကျားမတန်းတူညီမျှမှုနှင့် ကျေျရွာဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

**၁၁။ ဦးစားပေး စီမံချက် လုပ်ငန်းများဇယား နောက်ဆက်တွဲများ**

နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား

နောက်ဆက်တွဲ ၄။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအဆင့်သတ်မှတ်ခြင်း

နောက်ဆက်တွဲ ၅။ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလသတ်မှတ်ခြင်း။

နောက်ဆက်တွဲ ၆။ စီမံချက်အဆိုပြုလွှာ။

## စက္ကေတာင်ကျေးရွာအုပ်စု၊ ဘုတ်ဆုံချောင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | ပညာ အရည်အချင်း | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ဦးအေးမင်း | ဦးတင့်လွင် | ၁၄/ညတန(နိုင်)၀၇၅၇၇၅ | ၄၃ | အလယ်တန်း | ဥက္ကဋ္ဌ | |
| ၂။ | ဦးကောင်းပြည့်စုံ | ဦးကျော်စိုး | ၁၄/ညတန(နိုင်)၀၀၂၀၈၀ | ၁၉ | အထက်တန်း | ဘဏ္ဍာရေးမှူး | |
| ၃။ | ဦးသန်းဝင်ဇော် | ဦးလှဝင်း | ၁၄/ညတန(နိုင်)၁၄၉၃၉၈ | ၃၅ | အထက်တန်း | စာရင်းကိုင် | |
| ၄။ | ဒေါ်စန္ဒာလွင် | ဦးတင်ဆောင်း | ၁၄/ညတန(နိုင်)၂၃၀၇၃၉ | ၃၉ | B.Sc(Maths) | အဖွဲ့ဝင် | |
| ၅။ | ဦးအောင်မျိုး | ဦးကျောက်ဒိုး | ၁၄/ညတန(နိုင်)၁၁၂၀၂၁ | ၄၂ | အလယ်တန်း | အဖွဲ့ဝင် | |
| ၆။ | ဒေါ်စိုးလဲ့လဲ့မွန် | ဦးဩဘာ | ၁၄/ညတန(နိုင်)၁၂၁၄၄၂ | ၃၅ | အထက်တန်း | အဖွဲ့ဝင် | |
| ၇။ | ဒေါ်သိန်းငွေး | ဦးထွန်းရှိန် | ၁၄/ညတန(နိုင်)၁၂၁၅၂၅ | ၅၅ | မူလတန်း | အတွင်းရေးမှူး | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | - | ၃ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၆ | ၄ | ၁၀ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၁ | ၁၄ | ၂၅ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၀ | ၁၀ | ၂၀ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၉ | ၁၃၇ | ၂၅၆ | ၂ | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၁၅ | ၂၈ | | |
| စုစုပေါင်း | | ၁၆၂ | ၁၈၀ | ၃၄၂ | ၂ | |
| စုစုပေါင်း အိမ်ထောင်စု | | ၉၄ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်**။ ။ ဘုတ်ဆုံချောင်းကျေးရွာရှိ အိမ်ထောင်စု(၉၄)စု ရှိ၍ လူဦးရေများအနက်မှ အလုပ်လုပ်နိုင်သည့် လူဦးရေ(၂၅၆)ဦးရှိ၍ အသက်(၁၄)နှစ်နှင့်(၁၄)နှစ်အောက် လူဦးရေ(၅၈)ဦးရှိပြီး သက်ကြီးရွယ်အို(၂၈)ဦးရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများသောကြောင့် ကျေးရွာတွင်လိုအပ်သော ကိစ္စအဝဝကို ပူးပေါင်း ဆောင်ရွက်မှု အားကောင်းသည်ကို တွေ့ရှိရပါသည်။ မိသားစုမှကူညီစောင့်ရှောက်မှုရှိသော မသန်စွမ်းသူရှိသည့် အိမ်ထောင်စု(၂)ရှိကြောင်း တွေ့ရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၀ | ၈၅ | ၃ | ၅၀ | ၃၅ | | မြင့် ☐လတ်☑ ၁၀နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၆ | - | ၃ | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၃ | - | ၂ | ၁ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၃ | မြင့်☐ လတ်☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၅၂ | ၁၁၄ | ၄ | ၆၅ | ၄၉ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | **စုစုပေါင်း** | ၉၄ | ၂၀၈ | ၇ | ၁၂၀ | ၈၈ | ၄ | ☒ |

**မှတ်ချက်။** ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)" ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင်ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ဘုတ်ဆုံချောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအား အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြား ဝင်ငွေရလုပ်ငန်းများဖြစ်ကြသည့် မွေးမြူရေး၊ ကျပန်း/သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို အလုပ်လုပ်ကိုင်ကြသည့် အိမ်ထောင် စုများလည်းရှိပါသည်။ ထုတ်ကုန်လုပ်ငန်းအနေဖြင့် လုပ်ကိုင်ကြသောအိမ်ထောင်စုမရှိကြောင်း တွေ့ရပါသည်။ အမျိုးသမီး ဦးဆောင်သောအိမ်ထောင်စု(၇) စုရှိကြောင်းတွေ့ရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ဆုံချောင်းကျေးရွာတွင် စိုက်ပျိုးရေး၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြပြီး တစ်နေ့ လုပ်အားခအနေဖြင့် အမျိုးသား/သမီး ဝင်ငွေရရှိမှု အနည်းငယ်ကွာဟမှု ရှိပါသည်။ လယ်ယာစိုက်ပျိုးရေး၊ ငါးလုပ်ငန်းများတွင် အလုပ်လုပ်ရသည့်အခြေအနေပေါ် မူတည်၍ တစ်နေ့ဝင်ငွေကွာခြားမှု ရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၁၄ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၂၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၂၃၄ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့် လျာထား

သတ်မှတ်သည့် မြေများကိုဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ဘုတ်ဆုံချောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အများဆုံးရှိပါသည်။ လယ်မြေများသည် မြေသြဇာအရည်အသွေး အသင့်အတင့်ကောင်းမွန်ကြောင်းတွေ့ရပါသည်။ မိုးရာသီတွင်မိုးစပါးစိုက်ကေ(၁၇၄)ကေ စိုက်ပျိုး၍ နွေရာသီတွင် နွေစပါးကိုစိုက်ကေ(၄၀)ကေစိုက်ပျိုးနိုင် သည့်လယ်မြေများဖြစ်ကြပါသည်။ ကိုင်းမြေများကို မြစ်ရေကျသည့်အချိန်တွင် ရာသီပေါ်စိုက်ပျိုးသီးနှံများ စိုက်ပျိုးနိုင်ပါသည်။ လယ်မြေများတွင်စိုက်ပျိုးနိုင်သည့် မိုးစပါး ရိတ်သိမ်းပြီးချိန်တွင် မတ်ပဲ၊ ငရုပ်၊ ကွမ်း စသည့် ရာသီပေါ်သီးနှံများကိုစိုက်ပျိုးကြပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☑မရှိ ☐ | လွယ်☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ☑ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☑မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☑ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☑ |

ရင်းမြစ် **...** ဦးတည်အုပ်စုဆွေးနွေးခြင်း **-** ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ဆုံချောင်းကျေးရွာ၏ အနီးနားပတ်ဝန်းကျင်တွင် သတ္တုနှင့်အခြားတွင်းထွက်ပစ္စည်းများမရှိပါ။ ကျောက်သဲများအနေဖြင့် ကျေးရွာ၏အနီးနားကျေးရွာတွင် အလွယ်တကူရနိုင်ပါသည်။ မြေပေါ်ရေနှင့် မြေအောက်ရေ၏ အရင်းအမြစ် များသည်ကျေးရွာအနေဖြင့် အသုံးချနိုင်မှုရှိပါသည်။ အင်းအိုင်ချောင်းမြောင်းများကို ကျေးရွာအနီးတွင် သဘာဝအတိုင်းတွေ့နိုင် ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ် ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
